ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

# ညွှန်ကြားချက်အမှတ်(၇/၂၀၁၇)

အကြောင်းအရာ။ **ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၇-၇-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ရရန်ပိုင်ခွင့်များအမျိုးအစား သတ်မှတ်ခြင်းနှင့် လျာထားခြင်းဆိုင်ရာစည်းမျဉ်းအား အကောင်အထည်ဖော်ရေးဆိုင်ရာ ညွှန်ကြားချက်**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင်၂-၁၀-၂၀၁၇ ရက်နေ့၌ ကျင်းပပြုလုပ်သော မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ဘဏ်များအကြား ဆွေးနွေးညှိနှိုင်းမှုများအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၇-၇-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ရရန်ပိုင်ခွင့်များအမျိုးအစား သတ်မှတ်ခြင်းနှင့် လျာထားခြင်းဆိုင်ရာစည်းမျဉ်းနှင့်စပ်လျဉ်း၍ ဘဏ်များလိုက်နာရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ၇-၇-၂၀၁၇ ရက်နေ့နောက်ပိုင်းတွင် ဘဏ်များသည် တစ်နှစ်သက်တမ်းရှိ စာရင်းပိုထုတ်ချေးငွေ (Overdraft)နှင့် သုံးနှစ်ထက်မပိုသော ကာလသတ်မှတ်ချက်ချေးငွေ(Term Loan)များကို ထုတ်ချေးနိုင်သည်။ ယင်းသို့ထုတ်ချေးရာတွင် အတိုးပေးဆပ်မှုသည် သုံးလပတ်ထက်မပိုသော ကာလအလိုက်ပေးဆပ်မှုများဖြစ်ရမည်ဖြစ်ပြီး ချေးငွေအတွက် သင့်လျော်သောအတိုးအရင်း ပြန်လည်ပေးဆပ်မှုဇယားများ သေချာစွာရေးဆွဲ၍ ဆောင်ရွက်ရမည်။ ဘဏ်များသည် ချေးယူမည့် စီးပွားရေးလုပ်ငန်း၏ သဘောသဘာဝနှင့် ငွေစီးဆင်းမှုပုံစံများအပေါ်အခြေပြု၍ ချေးငွေအသစ်များ တိုးတက်ထုတ်ချေးသွားရန် ဖြစ်ပါသည်။ ထုတ်ချေးမည့်ချေးငွေအသစ်များနှင့် ၎င်းတို့နှင့်ဆက်စပ်ဖြစ်ပေါ်မည့် ချေးငွေဆုံးရှုံးနိုင်ခြေ စိစစ်အကဲဖြတ်ခြင်းတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ မပျက်မကွက် တင်ပြသွားရန်ဖြစ်သည်။

၃။ ၇-၇-၂၀၁၇ ရက်နေ့အထိ ဘဏ်များမှထုတ်ချေးခဲ့သော စာရင်းပိုထုတ်ချေးငွေ(Overdraft) များအနက် တစ်နှစ်ပြည့်မြောက်သည့်နေ့တွင် ပြန်လည်မပေးဆပ်နိုင်သော စာရင်းပိုထုတ်ချေးငွေ (Overdraft) များအား အောက်ပါအချက်များနှင့်ကိုက်ညီပါက သုံးနှစ်ထက်မပိုသော ကာလသတ်မှတ်ချက်ချေးငွေ(Term Loan) များအဖြစ် ပြောင်းလဲပြင်ဆင်လိုက ပြင်ဆင်ရန်ခွင့်ပြုသည်-

(က) ဘဏ်သည် ငွေကြေးလွယ်ကူမှုဆုံးရှုံးနိုင်ခြေဖြစ်ပေါ်စေနိုင်သည့် ကာလရှည်ချေးငွေများကို မည်ကဲ့သို့စီမံခန့်ခွဲမည်ဖြစ်ကြောင်း ဖော်ပြထားသော ဒါရိုက်တာအဖွဲ့က

အတည်ပြုထားသည့် ရရန်ပိုင်ခွင့်/ပေးရန်တာဝန် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု မူဘောင်ကို တင်ပြရမည်၊

(ခ) ငွေချေးယူသူသို့ ပမာဏကြီးမားသောကြွေးမြီဆိုင်ရာ ကန့်သတ်ချက်ထက်ကျော်လွန်၍ ထုတ်ချေးထားသည့် စာရင်းပိုထုတ်ချေးငွေများအား ပမာဏကြီးမားသောကြွေးမြီများဆိုင်ရာစည်းမျဉ်းနှင့်အညီ သတ်မှတ်ပမာဏသို့ လျှော့ချရမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်မည့်အစီအစဉ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ သီးခြားတင်ပြရမည်၊

(ဂ) ဘဏ်နှင့်ဆက်နွှယ်သူများသို့ ထုတ်ချေးထားသည့် စာရင်းပိုထုတ်ချေးငွေများအားလုံးကို ကာလသတ်မှတ်ချက်ချေးငွေအဖြစ် ပြောင်းလဲနိုင်သည်။ သို့သော် အဆိုပါချေးငွေကို မတည်ငွေရင်းလုံလောက်မှုဆိုင်ရာစည်းမျဉ်းနှင့်အညီ မတည်ငွေရင်းမှနုတ်ယူ၍ မတည်ငွေရင်းလုံလောက်မှုအချိုးကို တွက်ချက်ရမည်၊

(ဃ) ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ပြင်ပစာရင်းစစ်အစီရင်ခံစာ၌ အတည်ပြုထားသည့် အရင်းနှင့်အတိုးပေးဆပ်ရန်ပျက်ကွက်သည့် စာရင်းပိုထုတ်ချေးငွေများ သို့မဟုတ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ဘဏ်များမှ အစီရင်ခံတင်ပြထားသည့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ရှိ အရင်းနှင့်အတိုးပေးဆပ်ရန် ပျက်ကွက်သည့် စာရင်းပိုထုတ်ချေးငွေများအနက် များရာအား ကာလသတ်မှတ်ချက်ချေးငွေအဖြစ် ပြောင်းလဲခြင်းမပြုရ၊

(င) အထက်အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) ပါအချက်များအပြင် ဘဏ်အနေဖြင့် မိမိ၏ အခိကမတည်ငွေရင်း၏ ၁၀% သို့မဟုတ် ကျပ် ၅ ဘီလီယံနှင့်အထက် ထုတ်ချေးထားသည့် စာရင်းပိုထုတ်ချေးငွေများအနက် နည်းရာစာရင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြရမည်။ ယင်းသို့တင်ပြရာတွင် အောက်ပါအချက်များအား ဖော်ပြထားရမည်-

(၁) အရင်းနှင့်အတိုးပေးဆပ်ရန် ပျက်ကွက်သည့်ချေးငွေ ဟုတ်/မဟုတ်၊ အကယ်၍ အရင်းနှင့်အတိုးပေးဆပ်ရန် ပျက်ကွက်သည့်ချေးငွေ (အရင်းနှင့်အတိုးပေးဆပ်ရန် ပျက်ကွက်သည့်ရက်ပေါင်း ၉၁ ရက် နှင့်အထက်) ဖြစ်ပါက ပျက်ကွက်သည့် ရက်အား ဖော်ပြရန်၊

(၂) ဆက်နွှယ်သူများ (Related Parties) အား ထုတ်ချေးထားခြင်း ဟုတ်/မဟုတ်၊ အကယ်၍ ဆက်နွှယ်သူများအား ထုတ်ချေးထားခြင်းဖြစ်ပါက ဆက်နွှယ်မှုကို ဖော်ပြရန်။

(စ) အထက်အပိုဒ်ခွဲ(င)တွင် ဖော်ပြထားသည့်ချေးငွေပြုပြင်ပြောင်းလဲမှုအဆိုပြုအစီအစဉ်တွင် အောက်ပါတို့ပါဝင်ရမည်-

(၁) ကာလသတ်မှတ်ချက်ချေးငွေအဖြစ် ပြောင်းလဲမည့် ချေးငွေအရင်းနှင့်အတိုးအတွက် အနည်းဆုံး သုံးလပတ်အခြေခံဖြင့် အရစ်ကျပြန်လည်ပေးဆပ်မည့် အစီအစဉ် (Amortization Schedule) (အရင်းပြန်လည်ပေးဆပ်မှုသည် တူညီသော ပမာဏဖြင့် အရစ်ကျပြန်လည်ပေးဆပ်မှုဖြစ်ရပါမည်)၊ နှင့်

(၂) ငွေချေးယူသူ၏ ချေးငွေပြန်လည်ပေးဆပ်နိုင်စွမ်း အကဲဖြတ်ချက် အကျဉ်းချုပ် (၁)စောင်။

၄။ စာရင်းပိုထုတ်ချေးငွေများအား ကာလသတ်မှတ်ချက်ချေးငွေအဖြစ် ပြောင်းလဲသည့်လုပ်ငန်းစဉ်တွင် ဘဏ်များအနေဖြင့် ၎င်းတို့၏ ဒါရိုက်တာအဖွဲ့က အတည်ပြုထားသည့် ရရန်ပိုင်ခွင့်/ပေးရန်တာဝန် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု မူဘောင်နှင့် အထက်အပိုဒ် ၃(င)တွင် ဖော်ပြထားသော စာရင်းပိုထုတ်ချေးငွေများကို ကာလသတ်မှတ်ချက်ချေးငွေအဖြစ် ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်ကိုပူးတွဲလျက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ မပျက်မကွက် တင်ပြရန်ဖြစ်သည်။ ဘဏ်များသည် အဆိုပါလုပ်ငန်းစဉ်ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက် ထက်နောက်မကျစေဘဲ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။ ကာလသတ်မှတ်ချက်ချေးငွေအဖြစ် ပြောင်းလဲဆောင်ရွက်သည့် ချေးငွေများ၏ တိုးတက်မှုအစီရင်ခံစာကို သုံးလပတ်အလိုက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အဆိုပါ သုံးလပတ်ကုန်ဆုံးပြီး ၁၀ ရက် ထက်နောက်မကျစေဘဲ တင်ပြရမည်။

၅။ ကာလသတ်မှတ်ချက်ချေးငွေ(Term Loan) များအဖြစ် ပြောင်းလဲခွင့်ပြုခြင်းသည် ဘဏ်များမှ ချေးငွေများကောက်ခံရာတွင် အဆင်ပြေချောမွေ့မှုရှိစေရန်နှင့် ချေးငွေရယူထားသူများမှလည်း ပြန်လည်ပေးဆပ်ရေးတွင် အဆင်ပြေစေရေးအတွက် ရည်ရွယ်၍ ခွင့်ပြုခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ပြန်လည်ရရှိရန် အလားအလာမရှိသော စာရင်းပိုထုတ်ချေးငွေ(Overdraft)များကို ကာလသတ်မှတ်ချက်ချေးငွေ(Term Loan)များအဖြစ် ပြောင်းလဲခြင်းသည် ဘဏ်အတွက်လည်းကောင်း၊ ချေးငွေရယူထားသူအတွက်လည်းကောင်း မည်သည့်နည်းနှင့်မျှ အကျိုးမရှိနိုင်သဖြင့် ယင်းသို့သော စာရင်းပိုထုတ်ချေးငွေ(Overdraft)များအား ကာလသတ်မှတ်ချက်ချေးငွေ (Term Loan) များအဖြစ် ပြောင်းလဲခြင်းကို မပြုလုပ်ရန် ဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များ၏တင်ပြချက်အပေါ်မူတည်၍ ချေးငွေထုတ်ချေးရန် အာမခံပစ္စည်းတန်ဖိုးသတ်မှတ်ခြင်းအပါအဝင် ဘဏ်၏ချေးငွေအရပ်ရပ် စုစုပေါင်းအားသုံးသပ်ရန် ဘဏ်များသို့သွားရောက်စစ်ဆေးခြင်း သို့မဟုတ် စာရင်းစစ်အဖွဲ့အားတာဝန်ပေးအပ်၍ စစ်ဆေးစေခြင်းကို လိုအပ်ပါက ဆောင်ရွက်မည်ဖြစ်သည်။

၇။ ဘဏ်များကထုတ်ချေးသည့် စာရင်းပိုထုတ်ချေးငွေစုစုပေါင်း(Temporary Overdraft စသည့် အခြားစာရင်းပိုထုတ်ချေးငွေအမျိုးအစားများအပါအဝင်) အား ဘဏ်၏ချေးငွေအရပ်ရပ်စုစုပေါင်း(Loan Portfolio)၏ အောက်ပါအချိုးအစားသို့ လျှော့ချသွားရန်ဖြစ်ပါသည်-

(က) ၆-၇-၂၀၁၈ ရက်နေ့တွင် ၅၀% ထက်မပိုစေရန်၊

(ခ) ၆-၇-၂၀၁၉ ရက်နေ့တွင် ၃၀% ထက်မပိုစေရန်၊

(ဂ) ၆-၇-၂၀၂၀ ရက်နေ့တွင် ၂၀% ထက်မပိုစေရန်။

၈။ ဘဏ်များရှိ ကာလသတ်မှတ်ချက်ချေးငွေအဖြစ် ပြောင်းလဲသည့်ချေးငွေများ၊ ကာလသတ်မှတ်ချက်ချေးငွေအဖြစ် ပြောင်းလဲခြင်းမပြုသည့် စာရင်းပိုထုတ်ချေးငွေများနှင့် ၇-၇-၂၀၁၇ ရက်နေ့နောက်ပိုင်း ထုတ်ချေးသည့် ချေးငွေများနှင့် စာရင်းပိုထုတ်ချေးငွေများအားလုံးကို ရရန်ပိုင်ခွင့်များ အမျိုးအစားသတ်မှတ်ခြင်းနှင့် လျာထားခြင်းဆိုင်ရာစည်းမျဉ်းနှင့်အညီ အတိအကျလိုက်နာဆောင်ရွက်ရမည်။

(ပုံ) xxxxxxxxx
ဥက္ကဋ္ဌ (ကိုယ်စား)
(စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ)

**ဖြန့်ဝေခြင်း**

ဘဏ်များအားလုံး

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ